၂၀၁၅ ခု ဇွန်လ ၈ ရက်

**မြန်မာနိုင်ငံမြောက်ပိုင်းမှ ထိုးစစ်များ ချက်ချင်းရပ်တန့်ရေး နှင့် ပြည်တွင်းအိုးအိမ်စွန့်ခွာသည်များသို့ လူသားချင်းစာနာရေး အထောက်အပံ့ အဟန့်အတားမရှိ ပေးပို့ရေးအတွက် အဖွဲ့ပေါင်း (၅၆) မှ တောင်းဆိုမှု**

လွန်ခဲ့သည့် (၄) နှစ်ဖြစ်သည့် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် မြန်မာစစ်တပ်က ကချင်ပြည်လွတ်လပ်ရေးတပ်မတော် (KIA) စခန်းတစ်ခုကို တိုက်ခိုက်ပြီး (၁၇) နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဖျက်ပစ်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာအစိုးရသည် KIA အား စစ်ရေးအရ ကျူးကျော်ထိုးစစ်ဆင်ခဲ့ရာ တိုက်ပွဲများမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ပုံမှန်တောက်လျှောက်ဖြစ်နေသည့် အတိအလင်းစစ်ပွဲအဖြစ် အရှိန်မြင့်လာခဲ့သည်။ ကချင်ပြည်နယ်မှ တကျော့ပြန်စစ်ပွဲ၏ (၄) နှစ်မြောက်နှစ်ပတ်လည်ကို မှတ်သားနေချိန်တွင် မြန်မာစစ်တပ်က ၎င်း၏ အင်အားစုများအား တိုင်းရင်းသားတို့ အုပ်ချုပ်သည့်နယ်မြေများအတွင်း ထိုးသွင်းကစားခြင်းဖြင့် စစ်တပ်လွှမ်းမိုးမှု ဆက်လက်မြှင့်တင်နေသလို မြန်မာအစိုးရကလည်း ပြည်တွင်းအိုးအိမ်စွန့်ခွာသည်များ (IDP) ထံသို့ ပြည်တွင်းပြည်ပမှ လူသားချင်းစာနာရေးအကူ ချုပ်ချယ်ကန့်သတ်ပြီး အကူအညီအထောက်အပံ့များ အလုံအလောက် မပေးဆောင်နိုင်အောင် ဟန့်တားနေသည်။

၂၀၁၁ ခုနှစ်တွင် မြန်မာအစိုးရ၏ တိုက်ခိုက်မှုများစတင်ကတည်းက ကချင်ပြည်နယ်ရှိ လူ ၁၂၀,၀၀၀ မှာ အိုးအိမ်စွန့်ခွဲရပြီး လူ ၁၀၀,၀၀၀ ကျော်မှာ တရုတ်-မြန်မာနယ်စပ်တလျှောက်မှ IDP စခန်းများ၌ အခြေချခဲ့ရသည်။ အမျိုးသမီးများ၊ အာဟာရချို့တဲ့နေသည့် ကလေးများနှင့် သက်ကြီးရွယ်အိုများ အပါအဝင် ယင်း IDP များသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလမှစ၍ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီကို အပြည့်အဝ အဟန့်အတားမရှိ ရယူနိုင်ခြင်းမရှိဘဲ စခန်းများအတွင်း လုံလောက်သည့်ရိက္ခာ၊ သင့်တော်သည့်သန့်ရှင်းမှုနှင့် အခြားနေ့စဉ်လိုအပ်ချက်များမရဘဲ နေခဲ့ရသည်။ မြန်မာနိုင်ငံတွင် မိုးရာသီရောက်လာသည့်အခါ သွေးလွန်တုပ်ကွေးနှင့် အခြားအသက်ဘေးအန္တရာယ် စိုးရိမ်ရသည့် ရောဂါဘယများက သောင်းနှင့်ချီသော IDP များ၊ အထူးသဖြင့် လုံလောက်သည့် ဆေးဝါးအထောက်အပံ့မရှိ သူများကို အန္တရာယ်တွေ့စေမည် ဖြစ်သည်။ KIA ထိန်းချုပ်နယ်မြေများရှိ IDP များထံ သွားလာနိုင်ရေးမှာ မြန်မာအစိုးရ ထုတ်ပေးသည့် ခရီးသွားခွင့်ပေါ် အဓိကမူတည်နေသည်။ မြန်မာအစိုးရသည်ကား နိုင်ငံတကာလူသားချင်းစာနာရေးအဖွဲ့ များ၏ လှုပ်ရှားမှုကို ဆက်လက်ကန့်သတ်နေဆဲ ဖြစ်သည်။

ယခုအခါ IDP များသည် လူတစ်ဦးလျှင် တစ်လကို ကျပ် ၁၂,၅၀၀ (၁၁ ဒေါ်လာ) ဟူသည့် မဖြစ်စလောက်ပမာဏကိုသာ ရရှိနေပြီး လက်ရှိလူသားချင်းစာနာရေး အရေးပေါ်အခြေအနေနှင့် ရိက္ခာ၊ အမိုးအကာ၊ ဆေးဝါး၊ ပညာရေး အထောက်အပံ့များ ပိုမိုလိုအပ်နေသည့်အခြေအနေ ဖြစ်နေသည့်ကြားတွင်ပင် နိုင်ငံတကာအသိုင်းအဝိုင်းက အကူအညီများ ထပ်မံလျှော့ချအုံးမည် ဖြစ်သည်။ သို့ဖြစ်၍ လူထုအခြေပြုအဖွဲ့အစည်းများ (CBO) က အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရန် ရုန်းကန်နေကြရသည်။ ၂၀၁၅ ခုနှစ် ဇွန်လမှစ၍ IDP များသည် အကူအညီအထောက်အပံ့ တစ်ရက်လျှင် ကျပ် ၂၀၀ မျှသာ ရရှိသဖြင့် အသက်ရှင်ရပ်တည်ဖို့ မဖြစ်နိုင်သည့်ပမာဏ ဖြစ်သည်။ ထောက်ပံ့ငွေဖြတ်တောက်မှုများသည် ပြီးခဲ့သည့် (၄) နှစ်တာ ဆိုးဝါးကြမ်းတမ်းသည့် အခြေအနေများအတွင်း နေထိုင်ခဲ့ရသူများအတွက် ပိုမိုဒုက္ခတွေ့စေပြီး ဂုဏ်သိက္ခာကျဆင်းစေမည် ဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) မူကြမ်းစာသား လက်မှတ်ထိုးခြင်းတို့က IDP များနှင့် ပဋိပက္ခကြောင့် ထိခိုက်ရသူများအတွက် ဘေးကင်းမှုနှင့်လုံခြုံမှု ဆောင်ကျဉ်းလာခြင်း မရှိပေ။ အဘယ့်ကြောင့်ဆိုသော် မြန်မာစစ်တပ်မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ တိုင်းရင်းသားတပ်များအား ထပ်ခါတလဲ ဆက်လက်ထိုးစစ်ဆင်နွှဲနေသောကြောင့် ဖြစ်သည်။ ၂၀၁၂ ခုနှစ်၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ကတည်းက မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့နှင့် တိုက်ပွဲပိုမိုပြင်းထန်လာခဲ့သည်။ ယင်းအဖွဲ့များမှာ မကြာသေးသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ

ဖယ်ထုတ်ခံထားရသူများ ဖြစ်သည်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်း ထစ်ငေါ့ခဲ့ပြီး မြန်မာအစိုးရအပေါ် ယုံကြည်မှု ကင်းမဲ့ခြင်း ပိုများလာစေကာ NCA ဆွေးနွေးပွဲများမှာ အဓိပ္ပာယ်ရှိသည့်ရလာဒ် မထွက်ဘဲသွားနေသည်။

မြန်မာအစိုးရက ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ငွေကြေးဆက်လက်ထောက်ပံ့ဖို့ အလှူရှင်များ နှင့် ရင်းနီးမြှုပ်နှံသူများကို ဖိတ်ခေါ်နိုင်ရန် ၎င်း၏ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး စကားလုံးကြီးများကို ဆက်သုံး နေစဉ် အပြင်းထန်ဆုံးတိုက်ပွဲများမှာ တိုင်းရင်းသားနယ်မြေများ၌ ယခုနှစ်အတွင်း ဖြစ်ခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လ တွင် မြန်မာစစ်တပ်က လိုင်ဇာမြို့ရှိ KIA တပ်များနှင့် အရပ်သားလူထုများကို ပထမဆုံးအကြိမ် လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ထို့အပြင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင်လည်း မြန်မာစစ်တပ်မှ KIA သင်တန်းကျောင်းကို လက်နက် ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ဗိုလ်လောင်းများ သေဆုံးခဲ့ရသည်။

မြန်မာစစ်တပ်သည် ၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဖောက်ဖျက်ကတည်းက လူ့အခွင့် အရေးဖောက်ဖျက်မှုတသီကြီး ကျူးလွန်ခဲ့ရာ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာရေးဥပဒေအရ ၎င်းတို့ မှာ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်ဆန့်ကျင်သည့်ရာဇဝတ်မှု မြောက်နိုင်သည့်အလားအလာ ရှိသည်။ ရှမ်းပြည် မြောက်ပိုင်းမှ စေတနာ့ဝန်ထမ်းကချင်ဆရာမငယ် (၂) ဦးအား မုဒိမ်းကျင့်၊ ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ခဲ့သည့်အမှု ကဲ့သို့သော အမှုများက ယင်းကဲ့သို့ဆိုးယုတ်လှသောပြစ်မှုများ ကျူးလွန်သူတို့ကို ကာကွယ်ပေးထားသည့် ပြစ်ဒဏ် ကင်းလွတ်မှုစနစ်ကို ပြသနေရာ တိုင်းရင်းသားလူထုများကို ပိုမိုကြောက်ရွံ့စေပြီး ဖိနှိပ်ထားသည်။ ပြစ်ဒဏ်ကင်းလွတ် ခွင့်ရပြီး ကျူးလွန်ထားသည့် ပြစ်မှုများဖြစ်သော အဓမ္မလုပ်အားပေးခိုင်းစေမှု၊ စိတ်ထင်သလိုဖမ်းဆီးမှု၊ ဥပဒေမဲ့ချုပ် နှောင်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ တရားရုံးမတင်ဘဲသတ်ဖြတ်မှု၊ လူသားချင်းစာနာရေး အထောက်အကူပေးခြင်းကို ကန့်သတ်မှု၊ မုဒိမ်းမှု နှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများမှာ နိုင်ငံတကာစုံစမ်းစစ်ဆေးမှု ချက်ချင်း လုပ်သင့်သည့်အမှုများ ဖြစ်သည်။ အကယ်၍ မြန်မာအစိုးရအနေဖြင့် ယုံကြည်မှုရယူဖို့ မျှော်လင့်ပါက အမှန်တကယ် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံရေးစိတ်ဆန္ဒပြသပြီး အဆိုပါပြစ်မှုများအား ဘက်မလိုက်သည့် စုံစမ်းစစ် ဆေးမှုကို နိုင်ငံတကာစုံစမ်းစစ်ဆေးရေးသမားများနှင့်အတူ ချက်ချင်းလုပ်ဆောင်ရမည် ဖြစ်သည်။ ကျူးလွန်သူများကို တာဝန်ခံခိုင်းရမည် ဖြစ်သည်။

ကချင်ပြည်သူတို့အပေါ် တကျော့ပြန်တိုက်ပွဲများနှင့် တကျော့ပြန်စစ်ပွဲဖြစ်ပေါ်ခဲ့သည့် (၄) နှစ်မြောက်အထိမ်းအမှတ် တွင် အောက်၌လက်မှတ်ထိုးထားသည့် အဖွဲ့အစည်းများမှ ယခုလိုအလေးအနက်တိုက်တွန်းလိုက်ပါသည်။

**မြန်မာအစိုးရအနေဖြင့်-**

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ မြန်မာစစ်တပ်ထိုးစစ်များ ချက်ချင်းရပ်ဆိုင်းပြီး နဂိုမူလ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လေးစားတန်ဖိုးထားခြင်း၊ တိုင်းရင်းသားနယ်မြေများမှ တပ်များရုပ်သိမ်းခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ တည်ကြည်ဖြောင့်မတ်စွာ ခံယူကတိပြုခြင်း အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း၌ အမှန်တကယ်ပါဝင်ဆောင်ရွက်ပါ။
- KIO ထိန်းချုပ်နယ်မြေများနှင့် မြန်မာအစိုးရထိန်းချုပ်နယ်မြေများရှိ ဒေသခံ CBO များ၏ ပူးပေါင်းဆောင်ရွက် မှု၊ အဓိပ္ပာယ်ရှိရှိပါဝင်ဆောင်ရွက်မှုဖြင့် လူသားချင်းစာနာရေးအဖွဲ့အစည်းများကို IDP စခန်းအားလုံးသို့ ချက်ချင်း အဟန့်အတားမရှိ ဝင်ထွက်ခွင့်ပြုပါ။
- နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာရေးဥပဒေများကို အပြည့်အဝလေးစားလိုက်နာပြီး မြန်မာနိုင် ငံက လက်မှတ်ထိုးထားသည့် အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်မှုအသွင်အားလုံး ဖျက်သိမ်းရေးကွန်ဗင်းရှင်း နှင့် ကလေးအခွင့်အရေးကွန်ဗင်းရှင်းတို့ကို ကျင့်သုံးပါ၊ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလ သမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ ကို ခံယူကျင့်သုံးပါ။

**နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလှူရှင်အသိုင်းအဝိုင်းအနေဖြင့် -**

- IDP စခန်းအားလုံးသို့ လူသားချင်းစာနာရေးအဖွဲ့အစည်းများ အဆီးအတားမရှိ ဝင်ထွက်ခွင့်ပေးဖို့ မြန်မာအစိုးရအား တိုက်တွန်းပါ၊
- ပဋိပက္ခသက်ရောက်ခံ ရပ်ရွာလူထုများအတွက်လည်းကောင်း၊ အဆုံးတွင် မိမိဇာတိမြေ သို့မဟုတ် ပြန်လည်နေရာချမည့်နေရာသို့ လုံခြုံဘေးကင်းစွာနှင့် သိက္ခာရှိစွာ ပြန်နိုင်ရေးအတွက်လည်းကောင်း ရေရှည်လူသားချင်းစာနာရေး အထောက်အကူ ဆောင်ကျဉ်းပေးနိုင်မည့် ခြေတစ်လှမ်းဖြစ်စေရန် ဒေသခံ CBO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဓိပ္ပာယ်ရှိရှိပါဝင်လုပ်ကိုင်ခြင်းဖြင့် IDP များထံ အရေးပေါ်လူသားချင်း စာနာရေးအထောက်အကူ ဆက်ပေးပါ။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်လည်းကောင်း၊ အခြားတိုင်းရင်းသားနယ်မြေအားလုံးတွင်လည်းကောင်း ရန်စောင်တိုက်ခိုက်မှုအားလုံး ချက်ချင်းရပ်စဲရေး နှင့် စစ်ပွဲအဆုံးသတ်ရေးကို တောင်းဆိုပါ၊ သို့မှသာ တိုင်းရင်းသားလူနည်းစုများ၏ဘဝကို စစ်မှန်သောငြိမ်းချမ်းရေးအတွင်း ဂုဏ်သိက္ခာရှိစွာဖြင့် စတင်ဖြတ်သန်းနိုင်မည် ဖြစ်သည်။

**Endorsed by:**

1. Actions Birmanie (Belgium)
2. Action Committee for Democracy Development
3. Altsean-Burma
4. All Arakan Students' and Youths' Congress
5. Asia-Pacific Solidarity Coalition
6. Assistance Association for Political Prisoners
7. Ayarwady West Development Organization
8. Back Pack Health Worker Team
9. Burma Action Ireland
10. Burma Campaign UK
11. Burma Issues
12. Burma Link
13. Burma Partnership
14. Burmese Women's Union
15. Cenford
16. Center for Youth and Social Harmony
17. Chin Human Rights Organization
18. Christian Solidarity Worldwide
19. Colors Rainbow
20. Community Response Group (Comreg)
21. Dawei Development Association
22. Equality Myanmar
23. Forum for Democracy in Burma
24. Fortify Rights
25. Free Burma Campaign (South Africa)
26. Free Burma-Philippines Coalition
27. Green Peasant Institute
28. Humanitarian Aid Relief Trust
29. Human Rights Defenders and Promoters
30. Info Birmanie (France)

31. Institute for Asian Democracy
32. International Federation for Human Rights
33. International State Crime Initiative, Queen Mary University of London
34. Kachin Women's Association Thailand
35. Kachin Peace Network
36. Kachin Women Peace Network
37. Karen Women Empowerment Group
38. Karen Human Rights Group
39. Network for Democracy and Development
40. NGO Gender Group
41. Norwegian Burma Committee
42. Pa-Oh Youth Organization
43. Palaung Women's Organization
44. Paungku
45. Pyoe Khinn Thit
46. Research and Translation Consultancy Cluster
47. Students and Youth Congress of Burma
48. Swedish Burma Committee
49. Tavoyan Women's Union
50. Thai Committee for Refugees Foundation
51. The Seagull: Human Rights, Peace and Development
52. United ACT
53. Union of Karenni State Youth
54. US Campaign for Burma
55. Women Initiatives Network for Peace
56. Women’s League of Burma